ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
သတင်းထုတ်ပြန်ချက်

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ( ၂၃ ) ရက်

၁။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ( ၁၆ ) ရက်နေ့ နံနက် ၉ း ၀၀ နာရီအချိန်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စုပေါင်းခန်းမ၌ စာရင်းစစ်-၃ များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ် တက်ရောက်၍ သင်တန်းဖွင့်လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းကထိကများနှင့် သင်တန်းသား / သင်တန်းသူ (၁၁၂) ဦး တက်ရောက်ခဲ့ပါသည်။

၃။ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အောက်ပါအတိုင်းလမ်းညွှန်မှာကြားခဲ့ပါသည်-

- ယခုဖွင့်လှစ်သောသင်တန်းသည် စာရင်းစစ်-၃ များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖြစ်၍ အရေးကြီးသောသင်တန်းဖြစ်ကြောင်း၊
- စာရင်းစစ်-၃ များသည် အခြေခံစာရင်းပညာ ကျွမ်းကျင်သူများဖြစ်ကြသော်လည်း လက်တွေ့လုပ်ငန်းခွင်တွင် လုပ်ဆောင်နိုင်ရန် ကျွမ်းကျင်မှုများ လိုအပ်နေသေးသည့်အတွက် သင်တန်းများဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊
- စာရင်းစစ်-၃များသည် နိုင်ငံပိုင်ကဏ္ဍစာရင်းစစ်များ(Public Sector Auditors) ဖြစ်ကြသဖြင့် မူလတာဝန်ဖြစ်သော စာရင်းစစ်ဆေးခြင်းလုပ်ငန်းများအပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ အပ်နှင်းထားသောတာဝန်များကိုလည်း အခါအားလျော်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊
- ယခုသင်တန်းတွင် စာရင်းစစ်ဆေးခြင်းဆိုင်ရာ အခြေခံသဘောတရားများ၊ အခြေခံစာရင်းပညာများ၊ စာရင်းစစ်ဆေးရာတွင် ကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် စာရင်းစစ်များလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များစသည့် စာရင်းစစ်များသိသင့်သိထိုက်သည်များကို ပို့ချပေးသွားမှာဖြစ်ကြောင်း၊

- လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချရမည့် ဗဟုသုတ၊ ပညာများကို ပို့ချပေးခြင်းဖြစ်၍ ပို့ချသည့်သင်ခန်းစာများအားလုံး ကျေညက်ဖို့လိုကြောင်း၊
- Quotient (၇) ချက်ဖြစ်သော Intelligent Quotient - IQ နှင့် Vision Quotient - VQ သည် ဉာဏ်အမြော်အမြင်ရှိခြင်း၊ Technical Skill and Ethic Quotient - TEQ သည် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့် ကိုယ့်ကျင့်တရားစောင့်ထိန်းခြင်း၊ Creative Quotient - CQ သည် တီထွင်ဖန်တီးနိုင်မှုရှိခြင်း၊ ဒီဂျစ်တယ်ခေတ်ရောက်နေခြင်းဖြစ်၍ Digital Quotient - DQ ရှိရန်လိုခြင်း၊ Experience Quotient - XQ သည် အတွေ့ကြုံကောင်းရှိခြင်းနှင့် အရေးကြီးဆုံးအချက်မှာ Emotional Quotient - EQ ဆိုသော မိမိစိတ်ကို မိမိထိန်းချုပ်နိုင်စွမ်းရှိခြင်းတို့ဖြစ်ပါကြောင်း၊ စာရင်းစစ်-၃ များအနေဖြင့် Quotient (၇) ချက်ကိုလည်း ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားဖို့လိုကြောင်း၊
- မိမိ၏ အထက်အကြီးအကဲက မိမိအပေါ် မျှော်လင့်သော အားကိုးအားထားပြုနိုင်မှု Reliability ၊ အပေါင်းလက္ခဏာဆောင်သော အမြင်ရှိမှု Positivism ၊ တိုးတက် အောင်မြင်အောင် လုပ်ကိုင်လိုသော ဆန္ဒရှိမှု Ambition၊ ကြိုးစားအားထုတ်မှု Application နှင့် အဖွဲ့အစည်းပေါ် သစ္စာရှိမှု Loyalty အချက်များကိုလည်း ဖြည့်ဆည်းနိုင်အာင် ကြိုးစားကြပါလို့မှာကြားလိုကြောင်း၊
- သင်တန်းတွင် ပို့ချခဲ့သည်များကို ပြန်လည်ဆန်းစစ်သော စာမေးပွဲဖြေဆိုကြရမှာ ဖြစ်သဖြင့် ကြိုးစားလေ့လာသင်ယူကြစေလိုပြီး နိုင်ငံအတွက် အားကိုးရသော စာရိတ္တ ကောင်းမွန်သော ဝန်ထမ်းကောင်းများဖြစ်ရေး ကြိုးပမ်းကြဖို့ တိုက်တွန်းမှာကြားလိုပါ ကြောင်း။

၄။ သင်တန်းဖွင့်ပွဲအခမ်းအနားကို နံနက် ၉ း ၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။